KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**သတင်းအကျဉ်းချုပ်**

ဩဂုတ်လ ၂၉ရက်, ၂၀၁၆/KHRG စာအမှတ်-16-6-NB1

# ဖာပွန်ခရိုင် နှင့် ညောင်လေးပင်ခရိုင်အတွင်း ၂၀၁၆ မတ်လ နှင့် ဧပြီလတွင် ဖြစ်ပွားခဲ့သော မြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်ရပ်နှစ်ခု

*ဤသတင်းအကျဉ်းချုပ်သည် မြေမြှုပ်မိုင်းဖြစ်ရပ်နှစ်ခုအကြောင်းကို ဖော်ပြထားပါသည်။ ပထမဖြစ်ရပ်တစ်ခုမှာ ၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့၊ ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်တွင် ဖြစ်ပွားခဲ့ပြီး၊ ဒုတိယဖြစ်ရပ်တစ်ခုမှာ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့၊ ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်တွင် ဖြစ်ပွားခဲ့ပါသည်။*[1]

- *၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ရက်၊ မနက် ၇း၀၀ နာရီခန့်တွင် အသက် ၄၂ အရွယ် င---ရွာသား၊ စောဘ----သည် ၎င်း၏တောင်ယာကိုရှင်းလင်းချိန်တွင် မြေမြှုပ်မိုင်းနင်းမိသဖြင့် ICRC ဆေးရုံတွင်တင်ထားရပြီး သူ၏ညာဖက်ခြေထောက်ကိုဖြတ်လိုက်ရပါသည်။*
- *၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ရက်နေ့တွင် အသက် ၂၅ နှစ်အရွယ် ဗမာလူမျိုးဖြစ်သည့် အ----ရွာမှ ရွာသားတစ်ဦးဖြစ်သူ မောင်ဆ---သည် ထင်းသွားခုတ်ရာ သူ့စိုက်ပျိုးခြံနှင့် နီးသောတောစပ်တစ်နေရာရှိ အသွားလမ်းတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မိုင်းစများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ၎င်းပေါက်ကွဲမှုတွင် သူကိုယ်တိုင်ထိခိုက်မှု ဆိုးရွားစွာမရှိခဲ့သော်ငြားလည်း သူမောင်းနှင်းလာသော နွားတစ်ကောင်ဒဏ်ရာရခဲ့ပြီး သူ့နွားလှည်းဘီးတစ်ဖက်မှာလည်း ပျက်စီးခဲ့ရပါသည်။*
- *ထိုမြေမြှုပ်မိုင်းနှစ်ခုလုံးကို KNLA အဖွဲ့မှထောင်ထားခဲ့သည်ဟု ရွာသားများကသံသယရှိပါသည်။ သို့သော် အဆိုပါထိခိုက် ဒဏ်ရာရရှိသူ ရွာသားနှစ်ဦးကို KNLA ဖက်မှ အကူအညီများမရရှိပါ။*

[1] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဖာပွန်ခရိုင်နှင့် ညောင် လေးပင်ခရိုင်ရှိ ဒေသခံအဖွဲ့ဝင်ထံမှ ရရှိသောသတင်းအချက်အလက်များအပေါ် အခြေခံကာ သတင်းအကျဉ်းချုပ်အား KHRG ရုံးဂန် ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူများ ထံမှ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာ ပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဂက်ဘ်ဆိုဒ်တွင် တင်ပြထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်းအရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဂက်ဘ်ဆိုက်တွင် ဆက်လက်ဖတ် ရှုနိုင်ပါသည်။

၂၀၁၆ ခုနှစ်၊ မတ်လ ၁၆ရက်၊ မနက် ၀၈း၀၀ နာရီခန့်တွင် အသက် ၄၂အရွယ် စောဘ---- (န---လို့လဲခေါ်ကြသည်) ဟုအမည်ရှိသော င---ရွာသားသည် သူ၏တောင်ယာအား ခုတ်ထွင်ရှင်းလင်းစဉ် ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ ကတိုင်တိနှင့် လေးဖိုးထကျေးရွာအုပ်စုကြား၊ င---ရွာ၊ ခ---နေရာ (လ---ဟူ၍ခေါ်ကြသည်)တွင် မြေမြှုပ်မိုင်းနင်းမိခဲ့ပါသည်။ သူ၏ ညာဖက်ခြေထောက်ပြတ်ထွက်သွားပြီး ဘေးနံရိုးတွင်မှာလည်းချွန်ထက်သောမိုင်းစများနှင့် ထိမှန်ခဲ့သကြောင့် သူသည် ဒဏ်ရာများဖြင့်မေ့မျောခဲ့ပါသည်။ အဆိုပါဖြစ်စဉ်မှာ သူသည် သူငယ်ချင်းနှစ်ယောက်နှင့်တောင်ယာခုတ်ထွင်ရှင်းလင်းရန်သွားပြီး တောင်ယာခုတ်ထွင်းရှင်းလင်းစဉ်တွင် သူတစ်ဦးသာ မြေမြှုပ်မိုင်းနင်းမိခဲ့ပါသည်။ မြေမြှုပ်မိုင်းထိမိပြီး ဒဏ်ရာများရရှိခဲ့သဖြင့် ကမမောင်းမြို့ရှိ ဆေးရုံသို့ပို့ဆောင်ခြင်းခံခဲ့ရသည်။ သို့သော် ၎င်းဖြစ်ပွားမှုမှရရှိလာသောဒဏ်ရာများပြင်းထန်သဖြင့် တောင်ကလေးမြို့ရှိ အာစီအာရ်စီ (အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့)ဆေးရုံတွင် ဆေးကုသမှုခံယူနေရပါသည်။

ဆေးရုံတင်ရချိန်တွင် င--- ရွာသူကြီးမှ လမ်းစရိတ်နှင့် အစားအစာကုန်ကျစရိတ်အတွက် ကျပ်ငွေ ၃၀၀၀၀၀ဖြင့် စောဘ---အား ပေးခဲ့ပါသည်။ စောဘ--- သည် ICRC ဆေးရုံတွင် တစ်ပတ်ခန့် ဆေးရုံတက်ခဲ့ရပါသည်။ ဆေးရုံဆင်းသောအချိန်တွင် ဆေးရုံမှသူ့အား ခြေတုတစ်ဖက်ထောက်ပံ့ခဲ့သည်။ ရွာသို့ပြန်သွားချိန်တွင် ကျန်ရှိသောဒဏ်ရာများကို သင်တန်းတက်ထားသော ဆေးဆရာမှ ဆက်လက်ကုသပေးခဲ့ပါသည်။ စောဘ---သည် အိမ်ထောင်သည်ဖြစ်ပြီး သားသမီးငါးယောက်ရှိပါသည်။ သူသည် တောင်ယာအလုပ်ဖြင့်အသက်မွေးဂမ်းကြောင်းပြုလုပ်နေပါသည်။ မိသားစုအတွက် အစားအစာလုံလောက်မှုမရရှိခဲ့ပါက သူသည် ကြုံရာကျပန်းလုပ်ကိုင်ခြင်းဖြင့် မိသားစုစား၏ ဂတ်နေရေးကိုဖြည့်ဆည်းပေးနေရပါသည်။ ယခုအချိန်တွင် မြေမြှုပ်မိုင်းဖြင့် ဒဏ်ရာရရှိထားသောကြောင့် သူ၏မိသားစုသည် (စားဝတ်နေရး) အခက်အခဲများနှင့်ရင်ဆိုင်ကြုံတွေ့နေရပါသည်။





အထက်ပါပုံမှာ ကရင်လူ့အခွင့်အရေး အဖွဲ့ဝင်တစ်ဦးမှ ၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်နေ့၊ ဖာပွန်ခရိုင်၊ ဒွယ်လိုးမြို့နယ်၊ လေးဖိုးထကျေးရွာအုပ်စု၊ င--- ကျေးရွာတွင် ရိုက်ကူးထားခြင်းဖြစ်ပါသည်။ ပုံမှာ တောင်ယာခုတ်ထွင် ရှင်းလင်းစဉ် မြေမြှုပ်မိုင်းဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော စောဘ--- ၏ ပုံဖြစ်ပြီး ပုံရိုက်ကူးစဉ်တွင် ထိုရွာမှဆေးသင်တန်းသင်ယူပြီးသော ဒေသခံဆေးမှူးတစ်ဦးမှ စောဘ--- ဆေးရုံဆင်းပြီးနောက်ပိုင်း ကျန်ရှိသောဒဏ်ရားများကို ဆေးကုသပေးနေခြင်းဖြစ်ပါသည်။ *[ဓါတ်ပုံ- KHRG]*

ဒေသခံရွာသားများမှ KHRG၏ဒေသခံအဖွဲ့ဝင်သို့ တင်ပြသောသတင်းအချက်အလက်များအရ စောဘ--- နင်းမိသောမြေမြှုပ်မိုင်းသည် မြေမြှုပ်မိုင်းဟောင်းဖြစ်ပြီး မည်သည့်လက်နက်ကိုင်အဖွဲ့အစည်းမှထောင်ထားခဲ့သည်ကိုမသိရပါ။ မြန်မာ့တပ်မတော်၊ နယ်ခြားစောင့်တပ်နှင့် KNLA တပ်ဖွဲ့တို့မှစစ်သားများသည် ဆ---ရွာဝန်းကျင်တွင်သွားလာလှုပ်ရှားနေပါသည်။ အချို့သော ရွာသားများက ၎င်းမြေမြှုပ်မိုင်းသည် KNLAမှ ပဋိပက္ခဖြစ်ပွားစဉ်ကာလအတွင်း KNU ထိန်းချုပ်ထားသော လေးဖိုးထနယ်မြေတွင် ကင်းလှည့်လှုပ်ရှားမှုပြုလုပ်သော တပ်မတော်စစ်သားများကို ပစ်မှတ်ထားပြီးထောင်ထားသည်ဟုသံသယရှိကြပါသည်။ သို့သော်လည်း အချို့သောရွာသားများမှာမူအဆိုပါမြေမြှုပ်မိုင်းအား မည်သူမှထောင်ထားသည်ကို သေချာစွာမသိရှိကြပါ။

၂၀၁၆ ခုနှစ်၊ ဧပြီလ ၁၆ရက်တွင် အသက်၂၅နှစ်အရွယ် အ---ရွာသားအမည်ရှိသော မောင်ဆ--- သည် သူ၏စိုက်ပျိုးခြံနှင့်နီးသောနေရာတစ်ခုတွင် ထင်းခုတ်ရန်သွားစဉ် အသွားလမ်းတွင် မြေမြှုပ်မိုင်းထိမှန်ခဲ့ပါသည်။ မောင်ဆ---မှ KHRG၏ဒေသခံအဖွဲ့ဝင်သို့ တင်ပြသည်မှာသူသည် နွားလှည်းဖြင့်ထင်းသွားခုတ်ရန်သွားစဉ် အ---ရွာနှင့်တစ်မိုင်ခန့်အကွာတွင်ရှိသော တောနှင့်နီးသည့် ဟ---နယ်မြေတွင် သူ၏လှည်းဘီးတစ်ဖက်သည် မိုင်းနှင့်ထိပြီးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ပေါက်ကွဲမှုကြောင့်မိုင်းစများသည် မောင်ဆ---၏ ဘယ်ဖက်ခြေထောက်အားထိမှန်ခဲ့သည့်အပြင် သူ့နွားတစ်ကောင်ပါထိမှန်ပြီး သူ၏နွားလှည်းဘီးတစ်ဖက်မှာလည်းပျက်စီးခဲ့ပါသည်။



အထက်တွင် ဖော်ပြထားသောပုံများမှာ ၂၀၁၆ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ညောင်လေးပင်ခရိုင်၊ မုန်းမြို့နယ်၊ အ--- ကျေးရွာတွင် ရိုက်ကူးခဲ့ခြင်းဖြစ်ပါသည်။ ပထမအပုံမှာ စိုက်ပျိုးခြံအနီး ထင်းခုတ်ရန် သွားရင်း မြေမြှုပ်မိုင်းကြောင့် ခြေထောက်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နွားလှည်းဘီးများလည်း ပျက်စီးသွားခဲ့သော မောင်ဆ--- ၏ ပုံဖြစ်ပါသည်။ ဒုတိယပုံမှာ မြေမြှုပ်မိုင်း ထိမှန်၍ ဆေးကုသခံနေရသော မောင်ဆ---၏ နွားဖြစ်ပါသည်။ *[ဓါတ်ပုံ- KHRG]*

မောင်ဆ--- ၏ ပြောပြချက်အရ ၎င်းမြေမြှုပ်မိုင်းသည် အသစ်သာဖြစ်ပြီး သူ၏ထင်မြင်ချက်အရ ထိုမိုင်းကို KNLA တပ်ခွဲအမှတ်(၁)မှစစ်သားများ ထောင်ထားသည်ဟုယူဆပါသည်။ ကေအန်ယူ (KNU) သည် မြေမြှုပ်မိုင်းထောင်ထားသဖြင့် တောတွင်သစ်မခုတ်ရန် ရွာသားများကိုသတိပေးပြီး ထိုနယ်မြေတွင် သစ်ထုတ်လုပ်မှုကိုလည်း ကေအန်ယူအဖွဲ့အစည်းမှ တားမြစ်ထားခြင်းဖြစ်သည်ဟု မောင်ဆ---က ဆိုပါသည်။ ကေအန်ယူမှ အ--- ရွာသူရွာသားများကို ဟ---ချောင်းသို့

ကျော်လွန်သည်အထိမသွားရန် အသိပေးခဲ့သည်ဟု မောင်ဆ---မှပြောသည်။ မောင်ဆ--- မိုင်းထိမှန်ရခြင်းမှာ သူအလုပ်လုပ်ကိုင်နေသောစိုက်ပျိုးခြံသည် ဟ---ချောင်း အလွန်တွင်တည်ရှိပြီး သူသည် ထိုနေရာတွင်ထင်းသွားခုတ်ခြင်းဖြစ်ပါသည်။ မောင်ဆ---နွားလှည်းမြေမြှုပ်မိုင်းထိသောနေရာတွင် မိုင်းနှင့်ပတ်သက်သော မည်သည့်အမှတ်သင်္ကေတမှ မတွေ့ခဲ့ရပါဟုဆိုသည်။ မောင်ဆ---သည် အဆိုပါ မြေမြှုပ်မိုင်းနှင့်မထိခိုက်မီ လမ်းပေါ်တွင်ခုတ်လှဲထားသော သစ်ပင်သေးသေးလေးများ ချထားသည်ကိုတွေ့ရှိခဲ့ပြီး ၎င်းခုတ်လှဲထားသောသစ်ပင်ငယ်လေးများအား အမှတ်အသားဟု မထင်ခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ထိုတောတွင်ရွာသူရွာသားများ သစ်ပင်များကိုယခုလိုခုတ်လှဲ နေကျသောကြောင့်ဖြစ်ပါသည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားပြီးတစ်ရက်အလွန်တွင် ဒေသတွင်းတပ်မတော်နှင့်KNLAခေါင်းဆောင်များရွာသို့လာပြီး ဖြစ်စဉ်ကိုမေးမြန်းခဲ့ကြပါသည်။ ဒေသတွင်းကေအန်ယူခေါင်းဆောင်တို့မှ ထိုသွားလို့မရသောနယ်မြေကို ဘာဖြစ်လို့သွားရသည်ဟုမေးမြန်းသောအခါ သူသည်ထင်းများလိုအပ်သဖြင့်ထင်းသွားခုတ်ရခြင်းဖြစ်သည်ဟု ပြန်လည်ဖြေကြားခဲ့ပါသည်။ ကေအန်ယူခေါင်းဆောင်များမှသူသည်သိသိကြီးနှင့်သွားသောကြောင့် ဖြစ်လာသောအကျိုးရလဒ်ကိုသူ့ဖာသာသူ ကိုင်တွယ်ဖြေရှင်းရမည်ဟုပြောခဲ့ပါသည်။ ယခုလိုဖြစ်ပွားမှုသည် ကေအန်ယူနှင့်တပ်မတော်အကြားယုံကြည်မှုပျက်ပြားအောင်လုပ်ဆောင်နေတာများလားဟု ကေအန်ယူကမေးခွန်းထုတ်စရာဖြစ်စေခဲ့ပါသည်။ မောင်ဆ--- သည် KNLA မှ ထောက်ပံ့မှုတစ်စုံတစ်ရာမရရှိခဲ့ပါ။ အ---ရွာမှ ရွာသူရွာသားများသည် ထိုနေရာများတွင် ထင်းသွားခုတ်နေကျဖြစ်ပြီး သူမြေမြှုပ်မိုင်းနှင့်ထိမှန်သည့်အချိန်ကစပြီးမည်သူတစ်ဦးတစ်ယောက်မျှ ထိုနေရာတွင်မသွားရဲတော့ပါဟု ရွာသားများကပြောပါသည်။

## Mu Traw (Hpapun) District




Karen Human Rights Group (KHRG)